

THE WHITE LOTUS
GROUP
ဘုံသုံးပါးမှ
စာအိတ်နီအုပ်စု
(ရှောင်ဖေး)
(Chapter 127 - 140)
စာစဥ် - ၁၀

# အပိုင်း (၁၂၇)
# နာမည်ကိုမကြိုက်လို့

"ဒါက မဖြစ်နိုင်တော့ပါဘူး"

လင်းနန်က သက်ပြင်းချလိုက်သည်။

"ပက်ဂတ်စ်က ကျွန်တော် ခန္ဓာကိုယ်က ဆယ်နေရာကျော်လောက်ကို ချိုးဖဲ့ထားတာ။ ကျွန်တော် တစ်သက်လုံး မသန်မစွမ်းအဖြစ် နေသွားရတော့မယ် ထင်ပါတယ် ယောက်ဖရာ "

"ဒီအထိရောက်လာပြီးမှတော့ ငါမင်းကိုအမှန်တိုင်းပဲပြောပြတော့မယ်။"

ရှောင်ဖေးက ရွှင်လန်းတက်ကြွသော ပုံစံဖြင့်ပြောလိုက်သည်။

"တကယ်တော့ ငါကလျှို့ဝှက်နေတဲ့ အတော်ဆုံးတရုတ်ရိုးရာ တိုင်းရင်းဆေးသမားတော် တစ်ယောက်ပဲ။"

"ယောက်ဖ မင်းငါ့ကို နှစ်သိမ့်ဖို့ ဒီလိုပြောနေတယ် ဆိုတာ ငါသိပါတယ်။ ငါ မင်းကို ကျေးဇူးအရမ်းတင်တယ်။ ဒါပေမယ့် အမှန်တရားက အမှန်တရားပဲလေ။ ငါတို့ဒါကိုရင်ဆိုင်ရဲရမှာပေ့ါ။ ငါ့ခန္ဓာကိုယ်က ကုသလို့မရနိုင်တော့ဘူး။"

လင်းနန်က သူ့ပြောတာမယုံချေ။ ထို့နောက်လင်းနန်က အံတင်းတင်းကြိတ်လိုက်သည်။

"ဒါပေမယ့် ယောက်ဖ ငါမင်းကိုတစ်ခုလောက် တောင်းဆိုချင်တယ်။ ဒီနေရာကို ငါအတွက်ဖြိုချပေးစမ်းပါ။ အဲ့ခွေးမသားပက်ဂတ်စ်က ငါ့ကို

နှိပ်စက်ညှင်းပန်းပြီးတော့ မင်းကိုအဆိပ်ခတ်ခိုင်းတာ။"

ရှောင်ဖေးက နှုတ်ခမ်းတွန့်ရုံပြုံးပြီး ပြောလိုက်သည်။

"ငါပြောတာကိုယုံ။ ငါက တကယ် သမားတော်တစ်ယောက်ပါ။ မင်းကိုကုသပေးပြီးသွားရင် ဒီနေရာကိုငါတို့အတူတူဖြိုကျတာပေ့ါ"

"ယောက်ဖ မင်းတကယ် တကယ်ပြောနေတာလား"

လင်းနန် ဇဝေဇဝါဖြင့် မေးလိုက်သည်။

"အင်း...ငါအတည်ပြောနေတာ။ ခဏလေးစောင့် ငါ အခုချက်ခြင်းပြန်လာခဲ့မယ်"

ရှောင်ဖေး သန့်စင်ခန်းအတွင်းသို့ဝင်ပြီး ဖုန်း၏ရတနာသေတ္တာအတွင်းမှ ဆေးပေါင်းတစ်ရာဆေးရည်၁ဂပုလင်းကို ထုတ်ယူလိုက်သည်။

"ဒါကိုအရင်သောက်ထားလိုက်။ ငါစပြီးကုသတဲ့အချိန်ကျရင် နည်းနည်းတော့ နာလိမ့်မယ်။ ဒီဆေးရည်က မင်းရဲ့နာကျင်မှုကို သက်သာစေလိမ့်မယ်"

ရှောင်ဖေးက လင်းနန်ကို ဆေးရည်တစ်ပုလင်းပေးလိုက်ပြီး လင်းနန်ရဲ့ဒူးနှစ်ဖက်ကို လက်ဖြင့်ကိုင်လိုက်သည်။

ဆေးဘုရင်၏ နေ့စဥ်မှတ်တမ်းထဲမှ အသိပညာဗဟုသုတများကို အသုံးချပြီး လင်းနန်ရရှိထားသော ဒါဏ်ရာများကို လက်နှင့်စမ်းသပ်စစ်ဆေးကြည့်လိုက်ပြီးနောက် ပြဿနာကို တွေ့လိုက်ရသည်။ ရှောင်ဖေးသည် အရိုးများအား မည်သို့နေရာပြန်ချရမည်ကို သိပြီးသည်နှင့် တပြိုင်နက် လက်နှစ်ဖက်စလုံးဖြင့် လင်းနန်၏ဒူးနှစ်ဖက်ကို တပြိုင်တည်းဆွဲဆန့်လိုက်သည်။

ခ...ရက်စ်...

"အား..အာ့..အမ်"

ကျယ်လောင်သည့် အက်ကွဲသံနှင့်အတူ လင်းနန်၏ အရိုးများက မူလ အနေထားသို့ ပြန်ရောက်သွားပြီး ဆေးပေါင်းတစ်ရာဆေးရည်က ဒါဏ်ရာများကို ချက်ခြင်းကုသပေးလိုက်တာကြောင့် အသည်းခိုက်မတက် နာကျင်မှုက ယူပစ်လိုက်သလို ပျောက်သွားစေသည်။ နာကျင်မှုကြောင့် အော်ငိုရန် ပြင်ထားသော လင်းနန်သည်လည်း နာကျင်မှုက ယူပစ်လိုက်သလို ပျောက်ကွယ်သွားတာကြောင့် ယောင်နနဖြင့် ရပ်လိုက်ရသည်။

"ဒါ..ဒါ..အရမ်းမိုက်တယ်။ ငါ့ဒူး ဒူးခေါင်းပြန်ကောင်းသွားပြီ။ ဘုရားရေ ယောက်ဖ မင်းက တကယ်ပဲ မင်းတကယ်ပဲ အတော်ဆုံးတရုတ်ရိုးရာ တိုင်းရင်းသမားတော်ပဲ"

"ဟုတ်တယ် မင်းရဲ့ယောက်ဖက ဒီထက်အများကြီးပိုစွမ်းဆောင်နိုင်တယ်ဆိုတာ သိထားသင့်တယ်။"

ရှောင်ဖေးက အပြုံးနဲ့ပြန်ဖြေလိုက်ပြီး လင်းနန်၏ပခုံးနှစ်ဖက်အပေါ် လက်ကိုတင်လိုက်သည်။

ခရက်စ်....

ပထမနည်းတူပင် လင်းနန်၏ ပခုံးနှစ်ဖက်သည်လည်း နာကျင်မှု တစ်စုံတစ်ရာမရှိပဲ ပြန်ကောင်းလာခဲ့သည်။

ယခုအချိန်တွင် လင်းနန်သည် ရှောင်ဖေး၏ စကားများကို ချွင်းချက်မရှိ လက်ခံသွားခဲ့သည်။ သူ့ယောက်ဖအပေါ် လေးစားအားကျမှုများက ဒီရေအလားထိုးတက်လာခဲ့သည်။

"ယောက်ဖ မင်းကအရမ်းအံ့သြဖို့ကောင်းတယ်"

ခရက်စ်...

ခရက်စ်...

ခရက်စ်....

........

ရှောင်ဖေး၏ ကြောက်မက်ဖွယ်ဆေးပညာဗဟုသုတများနှင့် ဆေးပေါင်း တစ်ရာဆေးရည်များ၏ အံ့ဩလောက်စရာ ကုသနိုင်စွမ်းတို့ ပေါင်းစပ်ပြီး လင်းနန်၏ ဒါဏ်ရာများကို မိနစ်အနည်းငယ်အတွင်းမှာပဲ အရှင်းပျောက် အောင် ကုသပေးခဲ့သည်။ သူကို လူတွေကြားမှနဂါးတစ်ကောင်လိုမျိုး လင်း နန်က အံ့အားတကြီးမိန်းမောကာ ငေးကြည့်နေခဲ့သည်။

ပက်ဂတ်စ်သည် ကြမ်းပေါ်တွင် မလှုပ်မယှက် လှဲလျောင်းနေရင်း သူ့ အရှေ့မှမြင်ကွင်းကိုမနာလိုဖြစ်စွာကြည့်နေမိသည်။ အခုချိန်မှာ သူ အမှန် တကယ် လိုအပ်နေတာက ရှောင်ဖေး ဖျက်ဆီးထားတဲ့ သူ့ညီငယ်လေးကိုကု သပေးဖို့တောင်းဆိုချင်တာဖြစ်သည်။ ဒါပေမယ့် မဖြစ်နိုင်ဘူးဆိုတာကို သူ သိသည်။ သူကလူမှားပြီး ပြဿနာ သွားရှာမိတာကြောင့် ထာဝရ ကုန်း ကုန်းဖြစ်တော့မည့် အခြေအနေကို ရောက်နေသည်။

"ယောက်ဖ ငါ မင်းကို နောက်ထပ် ဘယ်လို ချီးမွမ်းရမလဲတောင် မသိ တော့ဘူး။ ဒါပေမယ့် ငါသာမိန်းကလေးဆိုလို့ကတော့ မင်းရင်ခွင်ထဲ ခုန် ဝင်ပစ်မှာအသေအချာပဲ။"

လင်းနန်က တလက်လက် တောက်ပသည့် မျက်လုံးများဖြင့်ပြောလိုက် သည်။ သူ့ရဲ့ပျော်ရွှင်မှုများကို မထိန်းချုပ်ထားနိုင်တော့ပေ။ သိပ်မကြာသေး ခင်အချိန်ကမှ သူ၏လက်ကျန်ဘဝ တစ်လျှောက်လုံး မသန်မစွမ်းအဖြစ်နှင့် ဖြတ်သန်းရတော့မည်ဟု စိတ်ဒုံးဒုံးချထားခဲ့သည်။ ဒါပေမယ့် အခုတော့ ရှောင်ဖေး ဘေးနားတွင်ပျော်ရွှင်စွာ ခုန်ပေါက်နိုင်နေပြီ ဖြစ်သည်။

"ဖွီ...သွားစမ်း ငါက လိင်တူချစ်သူမဟုတ်ဘူး။"

ရှောင်ဖေး မျက်လုံးမှာလှိမ့်လိုက်ပြီး ဘေးတွင်ပွတ်သီးပွတ်သပ် လာလုပ်နေသည့် လင်းနန်ကိုတွန်းထုတ်လိုက်သည်။ ထို့နောက် ရှောင်ဖေးက ဖုန်းကိုထုတ်လိုက်ပြီး မတူညီသော နံပါတ်သုံးခုကို ခေါ်လိုက်သည်။

"ယောက်ဖ ကျားနက်ဂိုဏ်းက ကောင်တွေမလာခင် ငါတို့ထွက်သွားရအောင် မဟုတ်ရင် ငါတို့ထွက်သွားဖို့မလွယ်တော့မှာမဟုတ်ဘူး။"

လင်းနန်က စိုးရိမ်စွာပြောလိုက်သည်။

"ကောင်လေး မင်းပဲ ဒီနေရာကိုဖြိုချပစ်ချင်တယ်ဆို။ ငါ အခု မိတ်ဆွေအချို့ကို ဖုန်းဆက်ခေါ်ထားတယ်။ သူတို့ရောက်လာရင် ဒီဘားကိုမြေပေါ်ပြားကပ်သွားအောင် ဖြိုချပစ်ဖို့အဆင်သင့်ပဲ။"

"ငါအဲ့တုန်းက နာကျည်းပြီးပြောခဲ့မိတာ။ ဒီဘားက ကျားနက်ဂိုဏ်းပိုင်တာ။ ငါတို့သွားရှုပ်လို့မရဘူး။"

လင်းနန်က အထိတ်တလန့် ဖြစ်နေသည်။

"ယောက်ဖ ကျားနက်ဂိုဏ်းက မြို့အနောက်ဖက်မှာ အဖွဲ့ဝင် အင်အားငါးရာရှိတဲ့ လူမိုက်ဂိုဏ်းကြီးတစ်ဂိုဏ်းပဲ။ အစိမ်းရောင် စပျစ်နွယ်မြို့ နေရာအနှံ့မှာ သူတို့လူတွေရှိတယ်။ ဒီဘားက သက်တမ်းအရမ်းကြာနေပြီ။ ဘယ်သူမှ ဒီနေရာကို လာရှုပ်ရဲတဲ့ သတ္တိမရှိကြဘူး။ ငါတို့ ဒီဘားကို ဖျက်ဆီးလိုက်မယ်ဆိုရင် ကျားနက်ဂိုဏ်းကိုစစ်ကြေငြာလိုက်တာနဲ့ အတူတူပဲနော်။"

"ငါကတန်ဖန့်ယန်ဝေ့ကို လူညွှန့်တုံးအောင်လုပ်လိုက်ပြီးပြီ။ ဒီအတိုင်းနေလို့လဲ ကျားနက်ဂိုဏ်းခေါင်းဆောင်က ငါ့ကိုလွှတ်ပေးမယ်လို့ မင်းထင်လား။"

ရှောင်ဖေး ရယ်လိုက်သည်။

"ဒီနေ့ဒီဘားကို မြေပေါ်ပြားကပ်သွားအောင် ဖြိုချပစ်မယ်။ အဲ့ခွေးကောင်တွေက ငါ့ဆီလာချင်တာလား။ လာစမ်းပါစေ။ အကုန်လုံးကို သူတို့အမေတွေ မမှတ်မိတဲ့အထိ ရိုက်နှက်ပစ်မယ်။"

"ယောက်ဖ အရမ်းလန်းတယ်။ မင်းက တကယ့် ဂိုဏ်းစတားစတိုင်ပဲ။ ကောင်းပြီ ငါမင်းနောက်လိုက်မယ်။ အဲ့ခွေးကောင်တွေ အကုန်လုံးကို ဖုန်ရှခိုင်းပစ်မယ်။"

ရှောင်ဖေး၏ စကားများကြောင့် လင်းနန်၏ တိုက်ပွဲဝင်လိုစိတ်များ မြင့်တက်လာပြီး နောက်ထပ်ဖြစ်လာမည့်အရာများအတွက် အလွန် ရင်ခုန်စိတ်လှုပ်ရှားလာသည်။

"ပက်ဂတ်စ်နဲ့အရင် သွေးပူလေ့ကျင့်ခန်း စကြတာပေ့ါ။ နောက်ပိုင်းမှာ ထပ်လာဖို့ရှိသေးတယ်။"

ရှောင်ဖေးက လင်းနန်၏ ပခုံးကိုပုတ်ကာအေးအေးဆေးဆေး ပြောလိုက်သည်။ ထို့နောက် လင်းနန် လက်ထဲကို ဝီစကီပုလင်း ထည့်ပေးလိုက်သည်။

"လက်စားချေတာလား။ ဒါကငါ့အလုပ်ချင်ဆုံးကိစ္စပဲ။"

လင်းနန်က ရှောင်ဖေး ပေးသည့် ပုလင်းကိုဘယူလိုက်သည်။ ထို့နောက် ပက်ဂတ်စ်ထံဘဖြည်းညင်းစွာလျှောက်သွားပြီး အေးစက်စက် ပြုံးကာပြောလိုက်သည်။

"လင်းနန် မဟုတ်ဘူး အကိုလင်း၊ အကိုလင်း ငါ့ကိုသနားပါ။ ကျေးဇူးပြုပြီး ငါ့ကိုတစ်ကြိမ်လောက် ခွင့်လွှတ်ပေးပါ။"

ပက်ဂတ်စ်က တုန်တုန်ရီရီနှင့် တောင်းပန်လိုက်သည်။ ပုံမှန် အခြေအနေဆိုလျှင် သူ့အနေထားဖြင့် လင်းနန်ဆိုသော ကောင်ကို စကားပြောဖို့ အသာထား လေနှင့်မှုတ်ပြီးတောင် လက်စတုံးပစ်လိုက်နိုင်သည်။ အခုလို

အောက်ကျို့ပြီး တောင်းပန်ဖို့ဆိုတာက ဟိုးအဝေးကြီးပင်။ သို့သော် လက်ရှိအချိန်တွင် သူ့ဘောလုံးများကကြေကွဲနေပြီး နာကျင်ကိုက်ခဲနေတာကြောင့် တိုက်ခိုက်ဖို့နေနေသာသာ လှုပ်ရှားဖို့တောင် အနိုင်နိုင်ဖြစ်နေသည်။သူ့အခြေအနေက ကုန်းပေါ်ရောက်လာသည့် ငါးတစ်ကောင်လို ကူကယ်ယာမဲ့နေသည်။

"သနားပါ တစ်ကြိမ်လောက် ခွင့်လွှတ်ပေးပါ ဟုတ်လား မင်း ငါ့ယောက်ဖကို အတင်းအဓမ္မ အဆိပ်ခတ်ခိုင်းတယ်။ ငါလည်းငြင်းရော ငါ့ကိုတစ်ဘဝလုံး မသန်မစွမ်းဖြစ်တဲ့အထိ ရိုက်နှက်ခဲ့တယ်။ မင်းကိုခွင့်လွှတ်ပေးရအောင် ငါ့ကိုအရူးလို့ထင်နေတာလား။"

လင်းနန်က ပြောရင်း ဒေါသထွက်လာတာကြောင့် ပက်ဂတ်စ်၏ ခေါင်းကို ပုလင်းနှင့် ရိုက်ခွဲလိုက်သည်။ ထို့နောက် ပက်ဂတ်စ်၏ မျက်နှာ၊ ခေါင်း၊ ဗိုက်၊ ခြေလက်များပါမကျန် စိတ်ကျေနပ်သည်အထိ ထိုးကျိတ်ကန်ကြောက်လိုက်သည်။ ဆယ်မိနစ်ခန့်ကြာသောအခါ ပက်ဂတ်စ်မျက်နှာသည် လူရုပ်မပေါ်သည်အထိ ရိုက်နှက်ခံထားရပြီး ပါးစပ်ထဲမှ အမြုပ်တစီစီထွက်ကာ သတိလစ်သွားသည်။

"ချီး လက်စားချေရတဲ့ အရသာက တကယ် ခံစားလို့ကောင်းတာပဲ"

လင်းနန် လေပူများ မှုတ်ထုတ်လိုက်သည်။ စိတ်လိုလက်ရ ပေါက်ကွဲလိုက်ပြီးနောက် စိတ်ထဲတွင် နေသာထိုင်သာရှိသွားသည်။

"မင်းပြီးပြီလား ပြီးရင်အပြင်သွားကြမယ်။ ငါမိတ်ဆွေတွေရောက်နေပြီ။"

ရှောင်ဖေးက လင်းနန်ကို ပြောပြီးနောက် အနောက်မှလိုက်လာရန် အချက်ပြလိုက်သည်။ ရှောင်ဖေး အစောပိုင်းက ဖုန်းသုံးကြိမ်ခေါ်ခဲ့သည်။ ပထမတစ်ခုက ကျင့်ဖေးကိုခေါ်ခြင်းဖြစ်ပြီး ဒုတိယတစ်ခုက မီးတောက်ဘားပိုင်ရှင် ဆံပင်နီကိုဖြစ်သည်။ ကျင့်ဖေးက ဘေ့စ်ဘောတုတ်တံနှင့် သံ

ပိုက်လုံးများကို သေတ္တာလိုက်သယ်ချလာသည်။ ဆံပင်နီကတော့ သူ ယုံကြည်ရတဲ့ညီအစ်ကိုအယောက်သုံးဆယ်လုံးကို ခေါ်ချလာပြီး ပွဲစရန် အဆင်သင့်ဖြစ်နေချေပြီ။

"အကိုကြီး မင်းဖြိုချချင်နေတဲ့ဘားက ဘယ်တစ်ခုလဲ"

ကျင့်ဖေးက စိတ်အားထက်သန်စွာ မေးလိုက်သည်။

"ဒီတစ်ခုပဲ နတ်မြင်းပျံဘား"

ရှောင်ဖေးက လက်ညှိုးထိုးပြီး အေးအေးဆေးဆေးပင်ပြောလိုက်သည်။

"ဒါပေမယ့် ဘာဖြစ်လို့လဲ"

ဆံပင်နီက အမှောင်ထဲတွင် ကျတ်စားလာခဲ့သူဖြစ်ပြီး နတ်မြင်းပျံဘား အကြောင်း ကောင်းကောင်းကြီးသိထားသည်။

"ဘာဖြစ်လို့လဲ ဟုတ်လား အမ်းးး..."

ရှောင်ဖေးက သေချာစဥ်းစားပြီးနောက်ပြန်ဖြေလိုက်သည်။

"ဘာလို့လဲဆိုတော့ ငါနာမည်ကိုမကြိုက်လို့။ ဒီနာမည်က ငါ့ကိုခံစားချက်တွေကို ဆိုးဝါးအောင်လုပ်နေသလိုပဲ"

ရှောင်ဖေး၏စကားဆုံးသွားသည်နှင့် ဆံပင်နီ၏ အဖွဲ့သားသုံးဆယ်လုံး ငြိမ်သက်သွားပြီး သူ့ကိုပြူးကြောင်ကြောင်ဖြင့် ကြည့်နေကြသည်။ နတ်မြင်းပျံဘားရဲ့နာမည်က မင်းခံစားချက်ကို ဆိုးရွားစေတယ်။ မင်းတကယ်ကြီးပြောနေတာလား။

"အကိုကြီး မင်းမသိသေးဘူးနော်။ ဒီဘားက ကျားနက်ဂိုဏ်းရဲ့ လေးယောက်မြောက် ခေါင်းဆောင် ပက်ဂတ်စ်ပိုင်တာ။ ပတ်ဂတ်စ်က မြို့အနောက်ဖက်မှာ အကြမ်းတမ်းဆုံး တိုက်ခိုက်ရေးသမားတွေထဲက တစ်ယောက်ပဲ။ ငါတို့ဘားထဲ ဝင်သွားရင်တောင် သူ့ကိုယှဥ်နိုင်မှာမဟုတ်ဘူး"

ဆံပင်နီက စိုးရိမ်စွာသတိပေးလိုက်သည်။

"ခွေးကောင်ပတ်ဂတ်စ်လား။ ငါ့ယောက်ဖ ကစ်ထည့်လိုက်တာ သတိလစ်နေပြီ။"

လင်းနန်က မေးစေ့ကိုပွတ်လိုက်ပြီး ဂုဏ်ယူဝံ့ကြွားစွာပြောလိုက်သည်။

"မင်းဘာပြောလိုက်တာလဲ။ တကယ်ကြီးလား။"

ဆံပင်နီနှင့် သူ့အဖွဲ့သားများအားလုံး ကိုယ့်နားကိုယ်မယုံနိုင်ဖြစ်သွားသည်။ သူတို့ထဲက အများစုက ရှောင်ဖေးကိုတစ်ခါမှမမြင်ဖူးကြပေ။ သူတို့အတွက်တော့ ကျောင်းသားရုပ်နှင့်ကောင်လေးက ပက်ဂတ်စ်ကိုအမှောက်သိပ်လိုက်သည်ဆိုသော စကားကိုယုံကြည်ဖို့ခဲယဥ်းနေသည်။

"စကားပြောတာတော်ပြီ။ မင်းတို့ငါနဲ့လိုက်မှာလား၊ မလိုက်ဘူးလား။"

ရှောင်ဖေး စိတ်မရှည်တော့ပဲ မေးလိုက်သည်။

***